MANDALAY MYOTHA
INDUSTRIAL DEVELOPMENT PUBLIC CO.,LTD.

ANNUAL REPORT FOR 2014-15







CONTENTS . . .

Guidelines by Chief Minister of Mandalay Region Government	4
Activities Records	8
Chairman Report	10
Board of Directors	38
Central Management Committee	42
Organization Chart of MMID	48
Corporate Social Responsibility	50
Financial Section	56





တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် စစ်မှန်သောဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ၂၀၁၁ ခုနှစ် ဧပြီလမှ စတင်၍ လျှောက်လှမ်းလာခဲ့သည်။ ယခင် ဗဟိုဦးစီးစနစ်ချုပ်ကိုင်မှုအောက်မှ ပါတီစုံဒီမိုကရေစီစနစ်သို့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းဆောင်ရွက်ခဲ့ရာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ပြောင်းလဲရေးသည် ထိုက်သင့်သည့်အဆင့်တစ်ခုထိ ပြုပြင်ပြောင်းလဲနိုင်ခဲ့သည်ကို လက်တွေ့အကျိုး ခံစားမှုများက သက်သေပြလျက်ရှိနေပေသည်။

၂။ နိုင်ငံတော်အစိုးရ၏ သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကြောင့် မြန်မာနိုင်ငံသည် အာရှတွင် နောက်ဆုံးပေါ်ပေါက်လာသော စီးပွားရေးနယ်ပယ်သစ်နိုင်ငံတစ်နိုင်ငံအဖြစ် လျာထား သတ်မှတ်ခြင်းခံရလျက် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ရန် အကောင်းဆုံးနိုင်ငံအဖြစ် ပေါ်ထွက်လာလျက်ရှိပါသည်။ ရှေ့လာမည့် (၅) နှစ်တာကာလအတွင်း ပြည်တွင်းပြည်ပစီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တဟုန်ထိုး မြင့်တက်လာနိုင်သည့် အနေအထားကိုတွေ့မြင့်နေရပြီး သယံဇာတပေါကြွယ်ဝမှု၊ လုပ်ခလစာသက်သာမှု၊ မြေလွတ်မြေရိုင်းပေါများပြီး စီမံကိန်းများ ဆက်လက်ချဲ့ထွင်နိုင်သည့် အခြေအနေများကြောင့် အရှေ့ တောင်အာရှမှာ မြန်မာနိုင်ငံသည် မျက်စိကျစရာနိုင်ငံတစ်နိုင်ငံဖြစ်လာပါသည်။

၃။ နိုင်ငံတော်မှချမှတ်ထားသော မူဝါဒလမ်းညွှန်ချက်များနှင့်အညီ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သည် တိုင်းဒေသကြီးအတွင်း ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွက်လာရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို အဓိက ဦးတည်ရည်မှန်းလျက် "ဆီမီးခုံ(ဧရာဝတီ)ဆိပ်ကမ်း တည်ဆောက်ရေးနှင့် မြို့သာစက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်း" ကြီးကိုအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် စီမံကိန်းဧရိယာ မြေဧက(၁၀၀၀၀)၏ မြေပိုင်ရှင်အဖြစ်လည်းကောင်း၊ MMID အများပိုင် ကုမ္ပဏီသည် စီမံကိန်းအကောင်အထည်ဖော်ဆောင်သူ Developer အဖြစ်လည်းကောင်း ဆောင်ရွက်စေခြင်းဖြစ်ပါသည်။ စီမံကိန်း ကြီး၏ Master Plan အရ စီမံကိန်းပြီးစီးအောင်မြင်ချိန်တွင် ဆီမီးခုံနှင့်မြို့သာဒေသရှိ မြေဧက(၂၆၆၀၀၀) ပါဝင်သော ဒေသရပ်ဝန်းကြီးတစ်ခုလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရေရှည်မျှော်မှန်းထားရှိပြီး လက်ရှိ စီမံကိန်း မြေဧက (၁၀၀၀၀)ကိုသာ MMID အများပိုင်ကုမ္ပဏီမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

66 မြန်မာနိုင်ငံသည် အာရှတွင် နောက်ဆုံးပေါ်ထွက်လာသော စီးပွားရေး နယ်ပယ်သစ် နိုင်ငံတစ်နိုင်ငံအဖြစ် လျာထားသတ်မှတ်ခြင်း ခံရလျက် အာရှတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ရန် အကောင်းဆုံးနိုင်ငံအဖြစ် ပေါ်ထွက် လာလျှက်ရှိပါသည်... 99

၄။ ဆီမီးခုံဆိပ်ကမ်းနှင့် မြို့သာဒေသရပ်ဝန်းသည် မိုးခေါင်ရေရှားသည့် အခြေအနေများကြောင့် လွန်ခဲ့သောနှစ်ပေါင်းများစွာ ဆင်းရဲနွမ်းပါးလျက် ဖွံ့ဖြိုးမှုနိမ့်ကျခဲ့ပါသည်။ အောက်ခံကျောက်သားများ တည်ရှိသည့်မြေသားသဘာဝကြောင့် သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုမရှိဘဲ ကန္တာရပင်နှင့် ခြံနွယ်များသော ပေါက်ရောက်နိုင်သော ပူပြင်းခြောက်သွေ့သည့် နေရာဒေသဖြစ်ပါသည်။ ဤကဲ့သို့သော ခေါင်းပါးသည့်နေရာဒေသတစ်ခုအား နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုအခြေအနေနှင့် ပထဝီစီးပွားရေးဆိုင်ရာ အချက်အချာနေရာအဖြစ် ပေါ်ထွက်လာမှုတို့ကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန် ဤစီမံကိန်းကြီးကို MMID (အများပိုင်)ကုမ္ပဏီသို့ ၂၀၁၁-ခုနှစ်မှ စတင်တာဝန်ပေးအပ် ဆောင်ရွက်စေခဲ့ပါသည်။ လုပ်ငန်း စတင်ခဲ့သည့် (၃)နှစ်ကျော်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေမှာ ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်စွာပေါ်ထွက်လာခြင်း၊ မော်တော်ယာဉ်လိုင်းများ ပြေးဆွဲလာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများစတင်ရရှိလာခြင်း၊ ကျေးလက်မီးလင်းရေး လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်သဖြင့် လူနေမှုအဆင့်မြင့်တက်လာခြင်းများကို စတင်တွေ့မြင်ရပြီဖြစ်၍ MMID (အများပိုင်) ကုမ္ပဏီ၏ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် နှစ်ထောင်းအားရ ကျေနပ်ဝမ်းမြောက်မိပါသည်။ အများပိုင်ကုမ္ပဏီတွင် အစုရှယ်ယာရှင်များအနက် ဒေသခံတောင်သူများ ကိုယ်တိုင်ပါဝင်လျက် ရှိကြောင်းကိုလည်း သိရှိရသဖြင့် စုစည်းညီညွတ်စွာအားပေးမှုကြောင့် လုပ်ငန်းများတိုးတက်အောင်မြင်မှု ရရှိမည်ဟုယုံကြည်ပါသည်။

၅။ ဆီမီးခုံဆိပ်ကမ်းနှင့် မြို့သာဒေသသည် မြန်မာပြည်အလယ်ပိုင်း အချက်အခြာကျသည့် နေရာတွင် တည်ရှိနေခြင်း၊ ဒေသဝန်းကျင်၌ လူဦးရေသိပ်သည်းဆများခြင်း၊ Connectivity ဖြစ်ခြင်းတို့ကြောင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများစွာ ရောက်လာမည်ဟု မျှော်မှန်းရရှိပါသည်။ ခေတ်သစ် စီးပွားရေးမှာ မည့်သည့် အစိုးရပြောင်းလဲလာသည်ဖြစ်စေ စျေးကွက်စီးပွားရေးစနစ်ကို အတိုင်းအတာတစ်ခုအထိ ပွင့်လင်းမြင်သာမှုရှိသော အပြောင်းအလဲကိုသာ ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဒေသတစ်ခု၊ အခြေအနေတစ်ခုကို ပြုပြင်ပြောင်းလဲပြီး တိုးတက်ကောင်းမွန်အောင် တည်ဆောက်ရာတွင် အခက်အခဲများရှိမည်ဖြစ်သလို စိန်ခေါ်မှုများစွားလည်း ကြုံတွေ့ရမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ နောင်ပြောင်းလဲလာမည့် အစိုးအဖွဲ့သစ်သည်လည်း လက်ရှိဖြစ်တည်လျက်ရှိသော ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေကို ဆက်လက်ထိန်းသိမ်း၍ အနာဂတ်ဒေသခံ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်တက်လာရေးကို အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။

၆။ နိဂုံးချုပ်အနေဖြင့် မြန်မာပြည်အလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အပြင် ဆင်းရဲနွမ်းပါးလျက် ဖွံ့ဖြိုးမှုနိမ့်ကျသော ဆီမီးခုံနှင့် မြို့သာဒေသရပ်ဝန်းကြီး တစ်ခုလုံးကို အဆင့်မြင့်လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင် အခွင့်အလမ်းပေါင်းများစွာ ရရှိပေါ်ထွက်လာစေပြီး လူနေမှုအဆင့်မြင့်တက်လာစေမည့် " ဆီမီးခုံ (ဧရာဝတီ)ဆိပ်ကမ်းနှင့် မြို့သာစက်မှု ဥယျာဉ်ဒေသ"ဟူ၍ စီးပွားရေးရပ်ဝန်းတစ်ရပ်ဖြစ်ပေါ်လာရေးအတွက် ပထမဆုံးသော တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ခိုင်မာသောအခြေခံအုတ်မြစ်တစ်ခုကို ကြိုးပမ်းချမှတ်ခဲ့ကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါသည်။

ဦးရဲမြင့်
မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်

ဆောင်ရွက်ရန် ရည်ရွယ်ချက် (Vision)

နိုင်ငံတကာ အဆင့်မီ သဘော်ဆိပ်ကမ်းနှင့် ဖွံ့ဖြိုးတိုးတက်သော စက်မှုဥယျာဉ် ဖြစ်ပေါ်လာစေရန်၊ ကျန်းမာစွာ နေထိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးများတို့အတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ပေါ်လာစေရန်။



မျှော်မှန်းချက် (Mission)

တိုင်းဒေသကြီးအတွင်း ဆင်းရဲနွမ်းပါးမှု လျော့ကျ၍ လူမှုစီးပွား ဘဝတိုးတက်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွက်လာရေး၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အတွက် ဝန်ဆောင်မှု ပြည့်ဝသော စီးပွားရေးပတ်ဝန်းကျင်ဖော်ထုတ်ရန်။



ACTIVITIES RECORDS
လှုပ်ရှားမှုမှတ်တမ်းများ



တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးဇင်မြင့်မှ အဖွင့်အမှာစကားပြောကြားနေစဉ် တွေ့မြင်ရပုံ



တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးဒေါက်တာမြင့်ကြူနှင့် MMID Co.,Ltd မှ MD ဒေါက်တာထွန်းထွန်းအောင်တို့ စာချုပ်လက်မှတ် ရေးထိုးနေစဉ် တွေ့မြင်ရပုံ



ဝန်ကြီးချုပ်ဦးဇင်မြင့်နှင့် မန္တလေးမြို့ရုံးစိုက်
တရုတ်ကောင်စစ်ဝန်နှင့် အိန္ဒိယကောင်စစ်ဝန်တို့
တွေ့ဆုံနေကြစဉ် တွေ့မြင်ရပုံ



သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းနှင့် ဝန်ကြီးချုပ်ဦးရဲမြင့်တို့အား မြို့သာစက်မှုဥယျာဉ် စီမံကိန်းပုံစံကို ရှင်းလင်းတင်ပြနေစဉ် တွေ့မြင်ရပုံ



ဝန်ကြီးချုပ်ဦးရဲမြင့်နှင့် MMID Co.,Ltd မှ နိုင်ငံခြားသား ပညာရှင်များ တွေ့ဆုံနှုတ်ဆက်နေပုံ



ညွှန်၏ အစီရင်ခံစာ . . .

လေးစားအပ်ပါသော အစုရှယ်ယာရှင်များ ခင်ဗျား -

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်း ရှေးနှစ်ပေါင်းများစွာကတည်းက လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်း၍ မိုးခေါင်ရေရှား သဖြင့် လူနေမှုအဆင့်နိမ့်ကျလျက် ဆင်းရဲနွမ်းပါးသော ဤဒေသအား ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွက်လာပြီး လူမှုစီးပွား ဘဝမြင့်တက်လာစေရန် ရည်မှန်းချက်များဖြင့် "ဆီမီးခုံ(ဧရာဝတီ) ဆိပ်ကမ်းနှင့် မြို့သာစက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေး စီမံကိန်း" ကြီးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် (၁၉၉၀) ခုနှစ် မန္တလေးစက်မှုဇုံ စတင် အကောင်အထည်ဖော်စဉ်က ဦးဆောင်ပါဝင်ခဲ့သူ တစ်ဦးဖြစ်သော ကျွန်တော်အား တာဝန်ပေးအပ်လာပါသဖြင့် ကျွန်တော် ကိုယ်တိုင်ကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်အားထက်သန်စွာ ဆောင်ရွက်လိုသော ဆန္ဒဖြင့် MMID အများပိုင်ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်၍ ဤစီမံကိန်းကြီးအား စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။


“ လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်း၍ မိုးခေါင်ရေရှားသဖြင့် လူနေမှု အဆင့်နိမ့်ကျလျက် ဆင်းရဲနွမ်းပါးသော ဤဒေသအား ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများပေါ်ထွက်လာပြီး လူမှုစီးပွား ဘဝမြင့်တက်လာစေရန် ရည်မှန်းချက်များ... ”

၂။ အစီရင်ခံသည့်ကာလ (၃) နှစ်ကျော်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကုမ္ပဏီ၏ BOD အဖွဲ့ဝင်များ၊ အကြီးတန်း/ အငယ်တန်းအရာရှိများနှင့် ဝန်ထမ်းအားလုံး စုစည်းညီညာ စွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ နေ့ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ရာ လက်ရှိတွေ့မြင်နေရသည့် အခြေအနေသို့ဖြစ်ပေါ် တိုးတက်ရောက်ရှိလာခြင်းဖြစ်ပါသည်။ မူလမျှော်မှန်းထားသကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာခြင်း မရှိသေးသော်လည်း ပြည်တွင်း၌ ဒေသဖွံ့ဖြိုးတိုးတက်စေရန် ဆန္ဒရှိသူများအဖွဲ့ဖြစ်သည့် Co-Developer ကုမ္ပဏီ(၃)ခုဖြင့် ရည်မှန်းချက်လုပ်ငန်းများ အရှိန်အဟုန်မပျက် လုပ်ငန်းထိရောက်မြန်ဆန်အောင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် တွေ့ကြုံရသည့် မြေယာပွဲစားများ၏ ဈေးကစားမှု၊ မြောက်ပင့်သွေးထိုးမှုများကြောင့် ထောက်ပံ့ငွေပိုမိုရရှိရန် ဟန့်တားနှောက်ယှက်မှုအချို့ကို တွေ့ကြုံခဲ့ရသော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီဖြေရှင်းပေးမှုဖြင့် လည်းကောင်း၊ စေ့စပ်ညှိနှိုင်းဆွေးနွေးသော နည်းဖြင့်လည်းကောင်း ဖြေရှင်းဆောင်ရွက်လျက် ရှိပါသည်။



ဖြစ်ပေါ်လာရန် မျှော်မှန်းသည့်စက်မှုဥယျာဉ်မြို့ပုံစံ


MYOTHA INDUSTRIAL PARK
GEO - STRATEGIC LOCATION




MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO.,LTD.

၃။ မြို့သာစက်မှုဥယျာဉ်စီမံကိန်းသည် မြန်မာနိုင်ငံတွင် ယခင်တည်ရှိပြီးစက်မှုဇုန်များ ပုံသဏ္ဌာန်နှင့် မတူကွာခြားမှုရှိပါသည်။ ရည်မှန်းချက်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြင့်မားရေးစံနှုန်းများတွင် ယခင်ရှိခဲ့ပြီး စက်မှုဇုန်များထက် များစွာပိုမိုပါဝင်ပါသည်။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအတွက် အတွေးအမြင်သစ်များ၊ မူဝါဒသစ်များ၊ လုပ်ထုံးလုပ်နည်းအသစ်များနှင့်အတူ အခန်းကဏ္ဍများစွာတွင် ညှိနှိုင်းပေါင်းစပ်အဆင်ပြေစေမည့် ရင်းနှီးမြှုပ်နှံမှုပုံစံကို မြင်တွေ့ရမည်ဖြစ်ပါသည်။

မြို့သာစက်မှုဇုန်မြို့တော် စီမံကိန်း MASTER PLAN အား တွေ့မြင်ရပုံ



မြို့သာစက်မှုဇုန်မြို့တော် စီမံကိန်း LOCATION MAP အား တွေ့မြင်ရပုံ



၄။ ကျွန်တော်အနေဖြင့် မြို့သာစက်မှုဇုန်ကျဉ်ဖွံ့ဖြိုးတိုးတက်ရေး (အများပိုင်) ကုမ္ပဏီ၏ (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေး နှစ်အစီရင်ခံစာကို အပိုင်း(၃)ပိုင်း ခွဲခြားတင်ပြလိုပါသည်။ အစီရင်ခံသည့် ကာလအတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်ဆဲ အခြေအနေနှင့် ရှေ့လာမည့်ကာလ အတွင်း ဆောင်ရွက်ရန် စီစဉ်ထားရှိမှု (ရှေ့လုပ်ငန်းစဉ်) များဖြစ်ပါသည်။







မြို့သာစက်မှုဇုန်ကျဉ်မြို့တော် အရာရှိဆောင်နှင့် ဝန်ထမ်းဆောင်အား တွေ့မြင်ရပုံ



မြို့သာစက်မှုဥယျာဉ်မြို့တော် ပင်မဂိတ်အဝင်မုခ်ဦးအား တွေ့မြင်ရပုံ



မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံခန့်ခွဲရေးရုံးချုပ်အား တွေ့မြင်ရပုံ

စက်မှုဥယျာဉ်မြို့တော်တည်ဆောက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ

၅။ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပဓာနအကျဆုံးလုပ်ငန်းမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်နှင့်အညီ စီမံကိန်း စတင်ဆောင်ရွက်စဉ်ကပင် လမ်းဖောက်လုပ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

(က) စက်မှုဥယျာဉ်မြို့တော်အတွင်း မြေသားလမ်းများအကျယ်ပေ(၆၀)မှ ပေ(၂၀၀)အထိ စုစုပေါင်း ကီလိုမီတာ(72 km)ခန့် ဖောက်လုပ်ပြီးစီးခဲ့ပါသည်။

(ခ) မြို့သာစက်မှုဥယျာဉ်မှ ဆီမီးခုံ(ဧရာဝတီ) ဆိပ်ကမ်းအထိပေ(၂၀၀)အကျယ် မြေသားလမ်း ကီလိုမီတာ (17 km)ဖောက်လုပ်ပြီးစီးခဲ့ပါသည်။

(ဂ) ဆီမီးခုံ(ဧရာဝတီ)ဆိပ်ကမ်း ဧရိယာအတွင်းအကျယ်(၇၂)ပေရှိ မြေသားလမ်း ကီလိုမီတာ(4.94 km) ခန့် ဖောက်လုပ်ပြီးစီးခဲ့ပါသည်။

(ဃ) စက်မှုဥယျာဉ်အဝင် ပင်မလမ်း (Main Road) အား (၁၈)ပေအကျယ် (၂)လမ်းသွား ကီလိုမီတာ (4.2 km)ခန့် ကွန်ကရစ်ခင်းကျင်းပြီးစီးခဲ့ပါသည်။

(င) စက်မှုဥယျာဉ် ဧရိယာအတွင်းရှိလမ်းများအနက် (၁၈)ပေ အကျယ်(၂)လမ်းသွား ကတ္တရာလမ်း ကီလိုမီတာ (2.39 km)ခန့် ခင်းကျင်းပြီးစီးခဲ့ပါသည်။

(စ) လက်ရှိစက်မှုဥယျာဉ် ဧရိယာအတွင်း Standard Factory, ShopHouse, စက်ရုံများ, လူနေအိမ် Residential များဆောက်လုပ်ပြီးစီးမှုနှင့် ဆောက်လုပ်ဆဲတို့မှာ စုစုပေါင်း ဦးရေ (၁၈)လုံးခန့်ရှိပါသည်။

(ဆ) စက်မှုဥယျာဉ်အတွင်း လျှပ်စစ်မာတ်အားရရှိရေးအတွက် လျှပ်စစ်မီးတိုင်နှင့် လျှပ်စစ်မာတ် အား (Transmission) လိုင်း (13 km) ကီလိုမီတာ တည်ဆောက်ပြီးဖြစ်ပါသည်။

(ဇ) စက်မှုဥယျာဉ် ဧရိယာမြောက်ဘက်ပိုင်းအစွန်ဆုံးနေရာတွင် နိုင်ငံတကာအဆင့်မီ (၁၈)ကျင်းပါဝင်သည့် Golf ကွင်းတစ်ခုကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ ရာခိုင်နှုန်း(၈၀)ခန့် ပြီးစီး၍ Golf ကွင်း ဧရိယာအတွင်းပါဝင်သော လူနေအိမ်များ၊ Commercial Centre များ၊ ဆေးရုံနှင့် International School များ တည်ဆောက်ရန် မြေယာ ပြုပြင်ခြင်း၊ မြေသားလမ်းဖောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

(ဈ) ဆီမီးခုံ(ဧရာဝတီ)ဆိပ်ကမ်း တည်ဆောက်ရေးအပိုင်းတွင် ဆိပ်ကမ်း Jetty Port, Ramp နှင့် Cargo Yard, Pontoon, Crane တို့ကို အဆင့်မြင့်ခေတ်မီစနစ်ဖြင့် တည်ဆောက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ မကုန်မီ ကုန်တင်ကုန်ချ Operation စတင်ဆောင် ရွက်နိုင်တော့မည်ဖြစ်ပါသည်။





မြို့သာစက်မှုဥယျာဉ်မြို့တော် ကွန်ကရစ်လမ်း ခင်းကျင်းထားရှိမှုနှင့် လျှပ်စစ်မီးတိုင်များအားတွေ့မြင်ရပုံ

မြို့သာစက်မှုဥယျာဉ်မြို့တော် အတွင်း တည်ဆောက်ပြီးစီးသော Shop House များအားတွေ့မြင်ရပုံ





မြို့သာစက်မှုဥယျာဉ်မြို့တော် အတွင်း ဖောက်လုပ်ပြီးစီးသော လမ်းများအားတွေ့မြင်ရပုံ





Phase 1A အတွင်း Lotus Ply Wood Factory သစ်အချောထည်စက်ရုံကြီးတည်ဆောက်နေစဉ် တွေ့မြင်ရပုံ







မြို့သာစက်မှုဥယျာဉ်မြို့တော်နှင့် ဆီမီးခုံဆိပ်ကမ်းသို့ ဖောက်လုပ်ထားသော လမ်းအားကတ္တရာလမ်း ခင်းကျင်းနေစဉ် တွေ့မြင်ရပုံ







မြို့သာစက်မှုဥယျာဉ်မြို့တော် Phase 1A အတွင်းဖောက်လုပ်ပြီးစီးသော ကတ္တရာလမ်းအားတွေ့မြင်ရပုံ



မြို့သာစက်မှုဥယျာဉ်မြို့တော်အတွင်း တည်ဆောက်ပြီးစီးသော Shop House များကိုတွေ့မြင်ရပုံ





မြို့သာစက်မှုဥယျာဉ်မြို့တော်အတွင်း တည်ဆောက်ပြီးစီးသော သတင်းအချက်အလက်ဌာနအား တွေ့မြင်ရပုံ



Mandalay Investment Fair သို့တက်ရောက်လာသော နိုင်ငံပေါင်း(၁၃) နိုင်ငံမှ နိုင်ငံခြားသားများ မြို့သာစက်မှုဥယျာဉ်မြို့တော်အတွင်း လာရောက်လေ့လာစဉ် တွေ့မြင်ရပုံ



Mandalay Investment Fair သို့တက်ရောက်လာသော နိုင်ငံပေါင်း(၁၃) နိုင်ငံမှ နိုင်ငံခြားသားများ မြို့သာစက်မှုဥယျာဉ်မြို့တော်အတွင်း လာရောက်လေ့လာစဉ် တွေ့မြင်ရပုံ



မြို့သာစက်မှုဥယျာဉ်မြို့တော်ဇရိယာ၏ အလယ်ဗဟိုတွင် လမ်းနယ် (၄) ရပ်အဆုံးအဝိုင်းပတ်အား Washinton State Roundabout ပုံစံကဲ့သို့ အဆင့်မြင့် တည်ဆောက်လျက်ရှိသည်ကို တွေ့မြင်ရပုံ

လက်တလောဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ


၆။ ကျွန်တော်တို့နိုင်ငံတော်တွင် လက်ရှိဖြစ်တည်လျက်ရှိသော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ဆိုင်ရာများကို အရှိန်အဟုန်ဖြင့် ပြုပြင်ပြောင်းလဲမှု၏ ကောင်းမွန်သော အလားအလာများကြောင်းလည်းကောင်း ဤစီမံကိန်းကြီး၏ နေရာအချက်အချာကျမှု Potential မြင့်မားစွာတည်ရှိမှုကြောင့်လည်းကောင်း ပြည်တွင်း၊ ပြည်ပ (Investor) ရင်းနှီးမြှုပ်နှံလိုသူများ နေ့စဉ်အဖွဲ့လိုက် ဝင်ရောက်လေ့လာနေပြီဖြစ်ပါသည်။ ယင်းသို့သော တိုးတက်ဖွံ့ဖြိုးမှုဖြစ်စဉ်များအရ ၂၀၁၆ ခုနှစ်အတွင်းလိုအပ်မည့် လျှပ်စစ်ဓာတ်အား 20 MVA ခွဲရုံတစ်ခုနှင့် လျှပ်စစ်ဓာတ်အားလိုင်း (Transmission) များတည်ဆောက်ရေးအတွက် လည်းကောင်း၊ စက်မှုဥယျာဉ်ဧရိယာအတွင်း လုံလောက်သော သောက်သုံးရေးရရှိရေးကို လည်းကောင်း၊ Investor များအတွက် လိုအပ်သော Infrastructure များကိုလည်းကောင်း ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ စတင်ပြီး ထပ်မံတိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။ အထက်ဖော်ပြပါ လုပ်ငန်းများအပြင် စက်မှုဥယျာဉ် စီမံကိန်း၏ မြို့အင်္ဂါရုပ်များနှင့်အညီ လိုအပ်သောသဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြေရေး လုပ်ငန်းများနှင့် CSR အဖွဲ့များ ထပ်မံတိုးချဲ့ဖွဲ့စည်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှေ့လုပ်ငန်းစဉ်များ အဖြစ်တင်ပြအပ်ပါသည်။

၇။ နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် MMID (အများပိုင်) ကုမ္ပဏီသည်လက်ရှိတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှု၊ ပံ့ပိုးမှုတို့ဖြင့် မူလရည်မှန်းထားသည့် ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများစွာပေါ်ထွက်လာရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်တက်လာရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်နှင့်အညီ မကြာမီကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း(၁၅၀၀၀၀) ခန့်ပေါ်ထွက်လာပြီး စီးပွားရေး၊ လူမှုရေး၊ ဘာသာ သာသနာရေးစသည်ဖြင့် အထွေထွေဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် လက်ရှိတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ခိုင်မာသည့် အခြေခံအုတ်မြစ်ချမှတ် လက်ဆင့်ကမ်းပေးခဲ့မှုအပေါ် လာမည့်အစိုးရအဖွဲ့သစ်အနေဖြင့်လည်း နိုင်ငံတော်နှင့် ဒေသခံပြည်သူများဖွံ့ဖြိုးရေး အကျိုးပြု ဤစီမံကိန်းလုပ်ငန်းကြီးအား ဆက်လက်ဦးဆောင်ပံ့ပိုးမှုများ ပေးအပ်ရရှိစေမည်ဟု အပြည့်အဝယုံကြည်ပါကြောင်းနှင့် ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့်လည်း ဒေသအကျိုးပြု ဤစီမံကိန်းကြီးအောင်မြင်မှု အပြည့်အဝရရှိစေရန် ယနေ့ရောက်ရှိလျက်ရှိသော အစုရှယ်ယာရှင်များ၏ အားပေးကူညီမှု၊ စည်းလုံးညီညွတ်စွာဖြင့် တက်ကြွလှုပ်ရှားပူးပေါင်းပါဝင်မှု စွမ်းအားများကို ရယူလျက် ဇွဲ၊ လုံ့လ၊ ဝီရိယ အပြည့်ဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါသည် ခင်ဗျား -

မြို့သာစက်မှုဥယျာဉ်မြို့တော်နှင့် ရောဝတီဆီမီးခုံဆိပ်ကမ်းတို့တွင် ပါဝင်ဖြစ်ပေါ်လာမည့် စက်မှုစီးပွားရေးဆိုင်ရာ အစီအစဉ်များ

စက်မှုလုပ်ငန်း အထောက်အကူ	ဝန်ထမ်းဗဟိုပြုစက်ရုံ	နည်းပညာမြင့် စက်မှုဗဟိုပြုစက်ရုံ	သုံးစွဲသူ ဝန်ဆောင်မှုများ	ထုတ်လုပ်သူ ဝန်ဆောင်မှုများ
၁။ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရုံ ၂။ ကုန်သွယ်မှု ၃။ ဆိပ်ကမ်းဝန်ဆောင်မှု ၄။ အခြေခံဆောက်လုပ်ရေး	၁။ ဈေးဆိုင်အဝတ်အစား ၂။စားသောက်ကုန်ထုတ်လုပ်ရေး ၃။ သစ်ထုတ်လုပ်ရေး နှင့်ပရိဘောဂများ ၄။ အိမ်သုံးဆောင်ပစ္စည်းများ ၅။ ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းများ ၆။ စက်မှုဆိုင်ရာအပိုပစ္စည်းများ	၁။ သယ်ယူပို့ဆောင်ရေး ပစ္စည်းများ ၂။ ICT အစိတ်အပိုင်း ၃။ ဆေးဝါးထုတ်လုပ်ရေး စက်ရုံများ ၄။ စက်မှုပစ္စည်းများ ၅။ ကုန်ပစ္စည်းအသစ်များ ၆။ ပြန်လည်အသုံးပြုနိုင်သော စွမ်းအားဆေးစား ၇။ စက်မှုပစ္စည်းများ	၁။ ပညာရေးဆိုင်ရာနှင့် ဧလေ့ကျင့်ရေး ၂။ လက်လီရောင်းစျေး ၃။ ကျန်းမာရေးဝန်ဆောင်မှုများ ၄။ အနုပညာဆိုင်ရာ ၅။ ပန်လည်ဆန်းသစ်မှု ၆။ ဟိုတယ်နှင့်အစားသောက်ဝန်ဆောင်မှုများ	၁။ ဘဏ်လုပ်ငန်းများ ၂။ ဧဒေကြေးဆိုင်ရာနှင့်အာမခံလုပ်ငန်း ၃။ အဆင့်မြင့်သိပ္ပံဆိုင်ရာနှင့် နည်းပညာဝန်ဆောင်မှုများ ၄။ စက်မှုဆိုင်ရာ ပြစနိုးများ






ဇရာဝတီ ဆီးမီးခုံဆိပ်ကမ်း



ဇရာဝတီ ဆီမီးခုံဆိပ်ကမ်း အဝင်လမ်းအားတွေ့မြင်ရပုံ




ဇရာဝတီ ဆီမီးခုံဆိပ်ကမ်း Master Plan အားတွေ့မြင်ရပုံ



ဇရာဝတီ ဆီမီးခုံဆိပ်ကမ်းဖြစ်ပေါ်လာမည့် နမူနာပုံစံအား တွေ့မြင်ရပုံ



ဧရာဝတီ ဆီမီးခုံဆိပ်ကမ်း အဝင်လမ်းအားတွေ့မြင်ရပုံ



ဧရာဝတီ ဆီမီးခုံဆိပ်ကမ်း ကွပ်ကဲရေးရုံး အားတွေ့မြင်ရပုံ






ဧရာဝတီ ဆီမီးခုံဆိပ်ကမ်း ကုန်တင်ကုန်ချ Ramp တည်ဆောက်ထားမှုကို တွေ့ရပုံ







နောင်တွင်ဖြစ်ပေါ်လာမည့် ဧရာဝတီ ဆီမီးနုံဆိပ်ကမ်း ပုံစံအား တွေ့မြင်ရစဉ်



ဧရာဝတီ ဆီမီးနုံဆိပ်ကမ်း စီမံခန့်ခွဲရေးရုံးနှင့် အရာရှိရိပ်သာအား တွေ့မြင်ရပုံ





Mandalay Investment Fair သို့တက်ရောက်လာသော နိုင်ငံပေါင်း (၁၃) နိုင်ငံမှ နိုင်ငံခြားသားများ ဇရာဝတီ ဆီမီးခုံဆိပ်ကမ်းသို့ လာရောက်လေ့လာနေစဉ် တွေ့မြင်ရပုံ



နောင်တွင်ဖြစ်ပေါ်လာမည့် ဇရာဝတီဆီမီးခုံ ဆိပ်ကမ်းပုံစံနမူနာအား တွေ့မြင်ရပုံ







ဧရာဝတီ ဆီမီးခုံဆိပ်ကမ်း General Cargo Yard တည်ဆောက်ထားရှိမှုအားတွေ့မြင်ရပုံ



ဧရာဝတီ ဆီမီးခုံဆိပ်ကမ်း ဆိပ်ခံတံတား Pontoon
တည်ဆောက်နေသည်ကို တွေ့မြင်ရပုံ





MYOTHA NATIONAL GOLF COURSE



Myotha National Golf Master Plan







Myotha National Golf ကွင်းတည်ဆောက်နေပုံအား တွေ့မြင်ရပုံ











Club House နမူနာပုံစံအားတွေ့မြင်ရပုံ







ကျင်းအမှတ် (၁၆) တွင် ဂေါက်အစမ်းရိုက်နေသည်ကို တွေ့မြင်ရပုံ





မြို့သာစက်မှုဥယျာဉ် ဂေါက်ကွင်းတည်ဆောက်ရန်အတွက် ကွင်းဆင်းညှိနှိုင်းနေသော အမေရိကန်
ပညာရှင်နှင့် မြန်မာပြည်ဂေါက် ချန်ပီယံ ကြည်လှဟန်တို့အား တွေ့မြင်ရပုံ

စိုက်ပျိုးထားသော အမေရိကန်မြက် Nursery အားတွေ့မြင်ရပုံ





ကျင်းအမှတ် (၁၆) တွင် ဂေါက်သီးအစမ်းရိုက်နေပုံအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီး ဦးကျော်မြင့်မှ ကြည့်ရှုနေသည်ကို တွေ့မြင်ရပုံ



ကျင်းအမှတ် (၁၆) တွင် ဂေါက်သီးအစမ်းရိုက်နေပုံအား တွေ့မြင်ရပုံ

ခေတ်မီ နည်းစနစ်ဖြင့် Pump House တပ်ဆင်ထားရှိမှုအား တွေ့မြင်ရပုံ



Pump House မှ ရေလွှတ်စမ်းသပ်နေသည်ကို တွေ့မြင်ရပုံ





Myotha National ဂေါက်ကွင်း စုံစမ်းရေးဌာန အမှတ်(၃) အားတွေ့မြင်ရပုံ







Myotha National ဂေါက်ကွင်း ကျင်းအမှတ် (၁၆) အားတွေ့မြင်ရပုံ



ဒါရိုက်တာအဖွဲ့ဝင်များ (Board Of Directors)



ဦးအောင်ဝင်းခိုင်
ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်

ဦးအောင်ဝင်းခိုင်သည် မြန်မာနိုင်ငံ တိုင်းရင်းသားတစ်ဦး ဖြစ်ပြီးရှမ်းပြည်နယ် မြောက်ပိုင်း၊ ဟိုပန်မြို့နယ်၊ကျင်ချန်းကျေးရွာတွင် မွေးဖွားခဲ့ပါသည်။ ၁၉၅၄ - ၁၉၆၃ ခုနှစ်အထိ Stella Maris, GD-Angle, St.Albert, mission High School ကျောင်းများတွင် ပညာသင်ကြားခဲ့၍ ၁၉၆၃ ခုနှစ်၊ St.Joseph ကျောင်းတက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုအောင်မြင်ခဲ့ပြီး ၁၉၆၄ ခုနှစ်တော်လှန်ရေး အစိုးရတက်လာခဲ့ပြီး ပြည်သူပိုင်သိမ်းစနစ်ပြုလုပ်လိုက်ခြင်းကြောင့် တက္ကသိုလ်သို့ ဆက်လက်ပညာသင်ကြားခြင်း မပြုတော့ပဲ ဟိုပန်မြို့နယ် ကုန်သွယ်ရေးမှ ဖွဲ့စည်းထားသော လယ်ယာနှင့် လုပ်ငန်းပေါင်းစုံသမဝါယမအသင်း(လလသသ)တွင်အတွင်းရေးမှူး တာဝန်ကို (၃) နှစ်ခန့် ထမ်းဆောင်ခဲ့ချိန် နယ်မြေအေးချမ်းမှု မရှိခြင်းကြောင့် ၁၉၆၈ ခုနှစ်တွင် မန္တလေးမြို့၊ အောင်တော်မူ ရပ်ကွက်သို့ ရွှေ့ပြောင်းအခြေချ နေထိုင်ခဲ့ပြီး မိသားစု၏မိရိုးဖလာ ကိုးကန့် လက်ဖက်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့ပါသည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ နိုင်ငံခြား ကုမ္ပဏီဖြစ်သည့် USA

Red Chamber ကုမ္ပဏီ India Wood Craft & Thailand Lunsum Co.,Ltd ကုမ္ပဏီတို့၏ မြန်မာနိုင်ငံဌာနကိုယ်စားလှယ် (Representative) အဖြစ် တာဝန်ယူပြီး ရန်ကုန်မြို့တွင် သစ်လုပ်ငန်းနှင့် ရေငံပုဖွန် Export အတွက် (၇)နှစ် လုပ်ကိုင်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏စီးပွားရေး Market Oriented Economic System စနစ်အဖြစ် ပြောင်းလဲပြုပြင်သည့်အချိန်တွင် မန္တလေးသို့ ပြန်လာပြီး မိမိကိုယ်ပိုင် မိသားစု စီးပွားရေးလုပ်ငန်း Hi-Tech ကုမ္ပဏီကို တည်ထောင်ပြီး သစ်အချောထည်စက်ရုံ တည်ဆောက်၍ Export လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၀ ခုနှစ်တွင် UNDP ၏ Sponsor ဖြင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် International Trading Business, Management, GSP-Prefrance သင်တန်းများကို အောင်မြင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရပြီး အနောက်ဥရောပနိုင်ငံများသို့ ၂၆ ရက်ကြာ Trade Study Tour သွားရောက်လေ့လာခဲ့ပါသည်။ ခရီးစဉ်မှပြန်လည်ရောက်ရှိချိန်တွင် မန္တလေးစက်မှုဇုန်(၁)ဖွင့်လှစ်တည်ဆောက်ရန် မန္တလေးတိုင်းအစိုးရအဖွဲ့သို့ အကြံပြု တင်ပြခဲ့ရာ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော စက်မှုဇုန်ကို ၁၉၉၀ ခုနှစ်တွင် ပေါ်ထွက်လာစေခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် ပထမဦးဆုံးသော တိုင်းရင်းသားပုဂ္ဂလိကပိုင် မြန်မာဆင် Hi-Tech ဘိလပ်မြေစက်ရုံကို MCICL ကုမ္ပဏီအနေဖြင့် တည်ထောင်လုပ်ကိုင်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် RHGC Group ဖွဲ့စည်းခဲ့၍ ၂၀၀၅ ခုနှစ်တွင် မန္တလေးစက်မှုဇုန်ရှိသံရေကြိုစက်ခုတ်စား ပုံလောင်းပုံဖိ MRIC ကုမ္ပဏီ BOD ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး Hi-Tech Mining ကုမ္ပဏီတို့ကို ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၁ခုနှစ်တွင် RHGC ကုမ္ပဏီအမည်ဖြင့် ဆီမီးခုံဆိပ်ကမ်းနှင့် မန္တလေးမြို့သာ စက်မှုဥယျာဉ်မြို့တည်ဆောက်ရန် အတွက် MIC ၏ခွင့်ပြုချက်ကို ရရှိခဲ့ပြီး MMID အများပိုင်ဆိုင်သည့် ကုမ္ပဏီကို ထပ်မံဖွဲ့စည်း၍ ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီ (၂၇)ရက် နေ့တွင် MIC ခွင့်ပြုချက်ကို ရရှိခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ(၉)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ရတနာပုံဘဏ် Director အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်း (၂၁) နှစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ဘာသာရေး၊ ပညာရေး၊ အားကစားနှင့် လူမှုရေးအသင်းအဖွဲများတွင်လည်း ပါဝင်လှုပ်ရှားဆောင်ရွက်နေသူ တစ်ဦးဖြစ်ပါသည်။



ဒေါက်တာထွန်းထွန်းအောင် - အုပ်ချုပ်မှုဒါရိုက်တာ (MD)

ဒေါက်တာ ထွန်းထွန်းအောင် သည် MBBS နှင့် MBA (University of Thai Chamber of Commerce - UTCC) ဘွဲ့ရ တစ်ဦးဖြစ်၍ Royal Hi-Tech Group Company ၏ Managing Directors, Hi-Tech Forest Industries Co., Ltd & MCICL ကုမ္ပဏီတို့၏ အမှုဆောင် ဒါရိုက်တာ ဖြစ်ပါသည်။ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော Pacific Asia Hi-Tech Group of Companies, Asia Speed Construction Co.,Ltd, Asia Speed General Services Co.,Ltd, Asia Bright Way I.T Co.,Ltd., Chan Tha Thukha Hospital နှင့် Pacific Electric Co.,Ltd. များအား တည်ထောင်ဖွဲ့စည်း ဦးစီးဆောင်ရွက်လျက်ရှိပါသည်။



ဦးမင်းစိန်

ဦးမင်းစိန် သည် ၁၉၆၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မှ B.Sc ဘွဲ့ရရှိခဲ့၍ R.A (1971) HGP (1969) & R.L (1975) စာမေးပွဲများ အောင်မြင်ခဲ့ပါသည်။ ဥပဒေလုပ်ငန်းဆိုင်ရာ (Legal Practice) ကို ၁၉၇၂ ခုနှစ်မှ စတင်လုပ်ကိုင်ခဲ့ ပါသည်။ စာရင်းစစ်ချုပ်ရုံး သင်တန်းဌာနတွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဥပဒေကထိကအဖြစ် ဆောင်ရွက်ခဲ့ပြီး လက်ရှိစီးပွားရေးကုမ္ပဏီ အဖွဲ့အစည်းများ၏ အကြံပေးအဖြစ် တာဝန်ခံ ဆောင်ရွက်လျက်ရှိပါသည်။ ဦးသောင်းမြင့် (တရားရုံးချုပ်ညွှန်မှူး - ငြိမ်း) ဦးသောင်းစိုး (ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး၊ ငြိမ်း) ဦးမျိုးဝင်း တရားလွှတ်တော်ချုပ်ရှေ့နေတို့ ပူးပေါင်းပါဝင်သော Legal Team ကို ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။



ဦးကျော်ကျော်

ဦးကျော်ကျော် သည် ရန်ကုန်တက္ကသိုလ်မှ ၁၉၈၆ ခုနှစ်တွင် B.Sc (Botany) ဘွဲ့ရရှိခဲ့၍ မန္တလေး စက်မှုဇုန်ရှိ Hi-Tech Forest Industries Co.,Ltd. ၏ Managing Director ဖြစ်ပါသည်။ RHGC ကုမ္ပဏီ၊ MCICL ကုမ္ပဏီ၊ Hi-Tech Mining Group ကုမ္ပဏီ နှင့် Mandalay Trade Centre တို့တွင် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။



ဦးအေးဟန်

ဦးအေးဟန် သည် (A.G.T.I) (Civil) ဘွဲ့ရတစ်ဦး ဖြစ်ပါသည်။ United Paints Group Co.,Ltd. ၏ Managing Director အဖြစ်ဆောင်ရွက် လျက်ရှိပါသည်။ သံလျင် ရေနံချက်စက်ရုံ၊ PIC တိုးချဲ့ စီမံကိန်း အင်ဂျင်နီယာ၊ မြန်မာနိုင်ငံ ကုန်ထုတ်လုပ်သူများ စာရင်း ဘဏ္ဍာရေးမှူး၊ UMFCCI ဗဟို အလုပ်အမှုဆောင်၊ လှိုင်သာယာစက်မှုဇုန် စီမံခန့် ခွဲရေး ကော်မတီအဖွဲ့ဝင် အဖြစ် ဆောင်ရွက်လုပ်ခဲ့ပါသည်။



ဦးကျော်ကျော်ဝင်း

ဦးကျော်ကျော်ဝင်း သည် မန္တလေးမြို့ (၂၉ လမ်း × ၇၃ လမ်း) တွင် တည်ရှိသော New Star Light Construction Company ၏ ဥက္ကဋ္ဌ ဖြစ်၍ Regal Hospitality Company, Mandalay Garden City Construction Company, Mandalay Management Corporation Company တို့၏ မန်းနေးဂျင်း ဒါရိုတာအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ယခုလက်ရှိ မန္တလေးတွင် မင်္ဂလာမန္တလေး စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက် နေပါသည်။ MCICL, MMID ကုမ္ပဏီများ၏ဒါရိုက်တာ အဖွဲ့ဝင်ဖြစ်ပါသည်။



ဦးကျော်ဝိုင်

ဦးကျော်ဝိုင် သည် ရှေ့နေတစ်ဦးဖြစ်သည်။ ၁၉၉၁ ခုနှစ် တွင် SPA / FMI အုပ်စု သို့ ဝင်ရောက်ခဲ့ချိန်အထိ ရှေ့နေလုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါသည်။ FMI ကုမ္ပဏီ SPA (Myanmar) Ltd. တို့၏ အုပ်ချုပ်မှု ဒါရိုက်တာနှင့် ရိုးမဘဏ် ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် အောင်မြန်မာ နည်းပညာ ကုမ္ပဏီ၊ Jewel Spectrum (Finance) Co., Ltd ပြည့်လျှံကုမ္ပဏီနှင့် လောကပါလ ဆေးရုံ(ပြည်) တို့ကို တည်ထောင်ဦးစီးဆောင်ရွက်လျက်ရှိပါသည်။

CENTRAL MANAGEMENT COMMITTEE (CMC)

ပင်မစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ

၁။	ဦးအောင်ဝင်းခိုင်	Chairman
၂။	ဒေါက်တာထွန်းထွန်းအောင်	Managing Director
၃။	ဦးညီညီအောင်	Operation Director
၄။	ဒေါ်ချိုချို	Finance Director
၅။	ဒေါ်သီတာ	Treasurer
၆။	ဒေါ်မော်မော်လွင်	Finance Manager
၇။	Mr. Bruce Reynolds	Project Administration Director
၈။	ဦးထွန်းရင်	General Manager
၉။	ဦးရန်နောင်	Chief Engineer
၁၀။	ဦးကျော်ဇေယျ	Site Operations Director
၁၁။	ဦးကျော်နိုင်ဦး	Manager (I.T Department)
၁၂။	ဦးသန်းနိုင်	Chief Engineer
၁၃။	ဒေါ်ချိုချိုထွေး	Personal Secretary
၁၄။	Ms. Jess Lu	Strategic and Planning Executive
၁၅။	ဒေါ်အေမီသန်း	Marketing Manager
၁၆။	ဦးလှိုင်မင်းထွန်း	Procurement Manager



ဦးညီညီအောင် - Operations Director

ဦးညီညီအောင် သည် ၁၉၈၈ ခုနှစ်တွင် ရန်ကုန်စီးပွားရေး တက္ကသိုလ် တက်ရောက်ခဲ့၍ အမေရိကန်နိုင်ငံသို့ ရွှေ့ပြောင်းပညာသင်ကြားလျက် Business Administration Degree ရယူခဲ့ပါသည်။ အမေရိကန်နိုင်ငံတွင် ရှိနေစဉ် မြန်မာနိုင်ငံရှိ မိသားစု HFI ကုမ္ပဏီ၏ General Manager (Overseas Marketing) အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ အမေရိကန်တွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း (၁၀) နှစ်ခန့် အတွေ့အကြုံ ရရှိခဲ့ပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး တံခါးဖွင့် ဈေးကွက်စီးပွားရေး မူဝါဒများအရ မိသားစု စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်နိုင်ရန် ပြန်လည်ရောက်ရှိလာခြင်း ဖြစ်ပါသည်။ MMID ကုမ္ပဏီ ဖွဲ့စည်း၍ စတင်တည်ထောင်သူ Founding Member တစ်ဦး ဖြစ်ပါသည်။



ဒေါ်ချိုချို - Finance Director

ဒေါ်ချိုချို သည် မန္တလေး တက္ကသိုလ် မှ B.A (English) ဘွဲ့ ရရှိခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် အမေရိကန် Arizona State University မှ B.Sc Finance ဘွဲ့နှင့် ၂၀၁၀ ခုနှစ်တွင် Post - Baccalaureate Certificate in Accounting ဘွဲ့ ကို ထပ်မံရရှိခဲ့ပါသည်။ အမေရိကန်နိုင်ငံတွင် နေထိုင်စဉ် Commercial Banking နှင့် Small Business Accounting လုပ်ငန်းများတွင် လုပ်ကိုင်၍ အတွေ့အကြုံ ရယူခဲ့ပါသည်။ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ မှစ၍ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအထိ Arizona State University ၏ Althletic Department ရှိ Finance Department တွင် (၈)နှစ်အထိ တာဝန်ယူ ထမ်းဆောင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် ဒေါ်ချိုချို သည် MMID အများပိုင် ကုမ္ပဏီ၏ Finance Director အဖြစ် ထမ်းဆောင်နေပါသည်။



ဒေါ်သီတာ - Treasurer

ဒေါ်သီတာ သည် မန္တလေး တက္ကသိုလ်မှ B.A (History) ဘွဲ့ရရှိခဲ့ပြီး ၁၉၈၁ မှ ၁၉၉၇ အထိ နမ္မတူ သတ္တုတွင်းလုပ်ငန်း ငွေစာရင်းဌာန စာရင်းကိုင် တာဝန် (၁၆) နှစ် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၇ ခုနှစ်မှ ယနေ့ အထိ MCICL ၏ မြန်မာဆင် ဘိလပ်မြေ စက်ရုံတွင် ဘဏ္ဍာရေးမှူးနှင့် အထွေထွေ အတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။ မိသားစု ကုမ္ပဏီများဖြစ်သော RHGC, HFI, MMID (Public) ကုမ္ပဏီ နှင့် MNGEDC တို့၏ ဘဏ္ဍာရေးမှူး တာဝန်များကိုလည်း တွဲဖက် ဆောင်ရွက်လျက် ရှိပါသည်။



ဒေါ်မော်မော်လွင် - Finance Manager

ဒေါ်မော်မော်လွင် သည် ရန်ကုန်စီးပွားရေး တက္ကသိုလ် မှ ၁၉၉၅ ခုနှစ်တွင် ဝါဏိဇ္ဇ B.Com ဘွဲ့ ရရှိခဲ့ပါသည်။ UE Myanamr Limited (မန္တလေးရုံး) တွင် ၁၉၉၅ မှ ၂၀၀၂ ခုနှစ်အထိ လည်းကောင်း၊ ရန်ကုန်ရုံးတွင် ၂၀၀၄ မှ ၂၀၀၆ အထိလည်းကောင်း စာရင်းကိုင် (Account Executive) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၇ - ၂၀၀၈ ခုနှစ်တွင် Earth Integration (BKK) Office Branch တွင် စာရင်းကိုင်အဖြစ် လုပ်ကိုင်ခဲ့ပြီး ၂၀၀၈ နိဝင်ဘာမှစ၍ လက်ရှိအချိန်အထိ MCICL မြန်မာဆင်ဘီလပ်မြေစက်ရုံ Finance Manager အဖြစ် တာဝန် ထမ်းဆောင်လျက် ရှိပါသည်။ မိသားစု ကုမ္ပဏီများဖြစ်သော RHGC, HFI, MMID (Public) Company နှင့် MNGEDC တို့၏ Finance Manager တာဝန်များကို တွဲဖက်ထမ်းဆောင်လျက် ရှိပါသည်။



Mr. Bruce Reynolds –Project Administration Director

Mr. Bruce Reynolds သည်အမေရိကန် နိုင်ငံသားဖြစ်ပါသည်။ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကဆိုင်ရာ လုပ်ငန်းများ၏ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး အတွေ့အကြုံ (၃၆) နှစ် ရှိခဲ့ပါသည်။ အနှစ် (၂၀) အတွင်း မြန်မာ၊ တရုတ်၊ ယိုးဒယား၊ မလေးရှား၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဆော်ဒီအာရေးဗီးယား၊ ကူဝိတ်နှင့် အာရပ်ဆော်ဘွား ပြည်ထောင်စုတို့တွင် စီမံကိန်းလုပ်ငန်းများ၌ အောင်မြင်မှုရရှိအောင် ဦးစီးဆောင်ရွက်နိုင်ခဲ့ပါသည်။ တည်ဆောက်ရေးဆိုင်ရာ စီမံကိန်းများ ဖွံ့ဖြိုးတိုးတက် အောင်မြင်မှုရရှိစေရန် စီမံခန့်ခွဲမှုအပိုင်း ကျွမ်းကျင်မှု အတွေ့အကြုံများစွာ ရှိပါသည်။ စက်မှုဆိုင်ရာ လုပ်ငန်းများ ခွဲခြမ်းစိပ်ဖြာ နေရာချထားခြင်း၊ အပိုင်းအလိုက် စီမံခန့် ခွဲကြီးကြပ်ခြင်း ၊ အပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေး လုပ်ငန်းများ၌ စီမံခန့်ခွဲကြီးကြပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။



ဦးထွန်းရင် - General Manager

ဦးထွန်းရင် သည် မန္တလေးတက္ကသိုလ်မှ B.Sc (Physics) ဘွဲ့ရရှိခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် စနစ်ဟောင်း အုပ်ချုပ်ရေး ခရိုင်ဝန်ရုံးတွင် စာရေးဝန်ထမ်းအဖြစ် စတင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အုပ်ချုပ်ရေး စနစ်သစ် ပြည်သူ့ကောင်စီ ရုံးများတွင် ရုံးအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့၍ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးများတွင်လည်း ရုံးအုပ်ကြီးအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အတွင်းရေးမှူးရုံးအဖွဲ့ တာဝန်မှ လုပ်သက် (၄၁) နှစ်အသက် (၆၀) ပြည့် အငြိမ်းစား ယူခဲ့ပါသည်။ ကျန်းမာရေးကောင်းမွန်လျက်ရှိသဖြင့် MCICL ၏ မြန်မာဆင်ဘိလပ်မြေစက်ရုံတွင် General Manager အဖြစ် ၂၀၀၉ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့ရာ လက်ရှိအချိန်တွင် MMID (Public) ကုမ္ပဏီ၏ General Manager တာဝန်ကိုလည်း ပူးတွဲထမ်းဆောင်လျက် ရှိပါသည်။



ဦးရန်နောင် - Chief Engineer

ဦးရန်နောင် သည် အင်္ဂလန်နိုင်ငံ Newcastle University မှ B.E Civil Engineering ဘွဲ့ရရှိခဲ့ ပါသည်။ ဦးရန်နောင်သည် အင်္ဂလန်နိုင်ငံတွင် နေထိုင်စဉ် Construction လုပ်ငန်းများကို (၁၅) နှစ်ကျော် အတွေ့အကြုံ ရရှိခဲ့ပါသည်။ ယခုအချိန်တွင် သူသည် MMID အများပိုင် ကုမ္ပဏီ ၏ Chief Engineer အဖြစ် တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။



ဦးကျော်ဇေယျ - Site Operations Director

ဦးကျော်ဇေယျသည် အမေရိကန်နိုင်ငံ Arizona State University တက်ရောက်ခဲ့ပြီး B.Sc - Business Process Management နှင့် B.Sc Computer Information System ဘွဲ့ကို ၂၀၀၂ ခုနှစ်၊ မေလတွင် ရယူခဲ့ပါသည်။ ဦးကျော်ဇေယျ သည် အမေရိကန်နိုင်ငံတွင် နေထိုင်စဉ် Commercial Banking Business Taxation နှင့် Financial Accounting လုပ်ငန်းပိုင်းများတွင် (၁၂) နှစ်ခန့် အတွေ့အကြုံ ရရှိခဲ့ပါသည်။ လက်ရှိအချိန်တွင် သူသည် MMID အများပိုင် ကုမ္ပဏီ၏ Site Operations Director အဖြစ် တာဝန်ယူပြီး Myotha National Golf Club တည်ဆောက်ရေး စီမံကိန်းကိုလည်း တာဝန်ယူဆောင်ရွက်နေပါသည်။



ဦးကျော်နိုင်ဦး - Manager (I.T) Department

ဦးကျော်နိုင်ဦး သည် အမေရိကန် California Pomona Polytechnic University တွင် Computer Science ဘွဲ့ ရရှိခဲ့ပါသည်။ စီမံကိန်းဆိုင်ရာ စီမံခန့် ခွဲ မှု ဘာသာရပ် Project Management, Software Design, Software Security, Develop & Testing, ဘာသာရပ်များတွင် ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သည်။ လက်ရှိ Asia Brightway IT Co., Ltd. ၏ C.E.O အဖြစ်လည်းကောင်း၊ MMID ကုမ္ပဏီ၏ အစုရှယ်ယာများ မှတ်ပုံတင်ရေး နှင့် OTC Software ဌာန၏ တာဝန်ခံ အဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။



ဦးသန်းနိုင် - Chief Engineer

ဦးသန်းနိုင်သည်စက်မှုလက်မှုသိပ္ပံ (အင်းစိန်) မှ A.G.T.I (Electrical Power) ဒီပလိုမာ ဘွဲ့ရရှိခဲ့ပြီး ၁၉၆၅ ခုနှစ်တွင်မြန်မာ့လျှပ်စစ်ဓါတ်အားပေးအဖွဲ့သို့ (E.S.B) သို့ ဝင်ရောက်အမှုထမ်းခဲ့ရာ၊ မဟာ ဓါတ်အားတိုင်းမှူး ဓါတ်အားခွဲရုံမှူး၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ တာဝန်များထမ်းဆောင်ခဲ့ပြီး လက်ထောက်အင်ဂျင်နီယာချုပ်အဆင့်ဖြင့် ၂၀၀၆ ခုနှစ်တွင်အငြိမ်းစား ယူခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် Pacific Electric Co.,Ltd. တွင် ဒုအင်ဂျင်နီယာချုပ် အဖြစ်၄င်း ၂၀၁၅ ခုနှစ်တွင် ဇပြီလမှစ၍ MMID Public Co.,Ltd. တွင် Electrical Enginnering Dept; တွင်အင်ဂျင်နီယာချုပ် အဖြစ်၄င်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။



ဒေါ်ချိုချိုထွေး - Personal Secretary

ဒေါ်ချိုချိုထွေး သည် မန္တလေးတက္ကသိုလ်မှ ၁၉၉၂ ခုနှစ်တွင် B.sc (Maths)(Q) ဘွဲ့ရရှိခဲ့ပါသည်။ ၁၉၉၂ ခုနှစ်တွင် Hi-Tech Forest Industries Co., Ltd တွင် အလုပ်စတင်ဝင်ရောက်ခဲ့ပါသည်။ ၁၉၉၆ ခုနှစ်မှစ၍ HFI Co., Ltd, MCICL Co.,Ltd နှင့် Mandalay Royal Industrial Co.,Ltd တို့တွင် အတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိအချိန်တွင် MMID Public Co.,Ltd, HFI, MCICL, RHGC Co.,Ltd. တို့တွင် မော်တော်ယာဉ် စီမံခန့်ခွဲရေး ကြီးကြပ်ရေးမှူးနှင့် ကိုယ်ရေး အတွင်းရေးမှူး တာဝန်များ ထမ်းဆောင်လျက်ရှိသည်။



Ms. Jess Lu - Strategic and Planning Executive

Ms. Jess Lu သည် National Taiwan University နှင့် University of Bern တွင် Master of Building & Planning ဘွဲ့ကိုရရှိခဲ့သည်။ Urban Planner တစ်ယောက်အနေနှင့် Taiwan, Spain, China, Myanmar နှင့် Cambodia တွင် အလုပ်လုပ်ခဲ့ပြီး အလုပ်အတွေ့အကြုံအများအပြား ရှိခဲ့သူဖြစ်သည်။ Cambodia တွင် Dara Sakor Conventional Center Design, China တွင် Chang Huai Wei Industrial မြို့သစ်၏ Master Plan, Spain တွင် La Salut Neighborhood park design, Taiwan တွင် Ping Tung post-flood area ၏ Strategy Plan & Housing Plan တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ MMID တွင် Planning Executive အနေဖြင့် တာဝန်ထမ်းဆောင်နေပါသည်။



ဒေါ်အေမီသန်း - Marketing Manager


ဒေါ်အေမီသန်းသည်မန္တလေးတက္ကသိုလ်မှ ၂၀၀၀ ခုနှစ်တွင် B.Sc (Physic) ဘွဲ့ရရှိခဲ့ပြီး စာရင်းကိုင်ဘွဲ့ DA (LCCI UK) ကိုလည်းရရှိခဲ့ပါသည်။ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီတွင် ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိစာရင်းကိုင်အဖြစ်လည်းကောင်း ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိရုံးအဖွဲ့မှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ MMID ကုမ္ပဏီတွင် Marketing Manager အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။





ဦးလှိုင်မင်းထွန်း - Procurement Manager

ဦးလှိုင်မင်းထွန်းသည် မန္တလေး ရတနာပုံတက္ကသိုလ်မှ B.A(Eco) ဘွဲ့ရရှိခဲ့ပြီး NCC မှ International Diploma in Business ဘွဲ့ကိုလည်း ရရှိခဲ့ပါသည်။ MCICL ကုမ္ပဏီတွင် Procurement Manager အဖြစ် (၆) နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး MMID တွင် လည်း ဆက်လက် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

MMID Corporate Structure




Mandalay Regional Government (MRG)
MandalayM yothal ndustrial Development Public Co., Ltd. (MMID)
Mandalay Industrial DevelopmentA uthority (MIDA)
Investment Control Board(ICB)


Finance & Accounting
Human Resources
MMID Administration
Subsidiary Companies and Joint Ventures
Finance
Accounting
Purchasing
External Audit
Recruitment
Training
FACILITIES MANAGEMENT Mandalay Office, MIP & SMP
Admin Staff
Government Relations/ Permits
Logistics
Information Technology (IT)
Media Team
Mandalay National Golf Estate Development Co. Ltd
Sub-Developer Companies:
1. K & L Construction Co. Ltd
2. Mudong Construction Group
3. Oriental Home Construction Group
4. U Myint Naing Construction Group

CSR မှတ်တမ်းများ

စက်မှုဥယျာဉ်ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံတောင်သူများ၊ အများပြည်သူများ အကျိုးဖြစ် ထွန်းမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိဖြစ်ပေါ်မှုအခြေအနေ

(၁) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံကိန်းဧရိယာအတွင်းပါဝင်သော မြေဧရိယာအတွက် ထောက်ပံ့ကြေးငွေများကို ထိုက်တန်စွာပေးအပ်ခဲ့သဖြင့် ကျေးရွာများရှိ တောင်သူများ၏ မူလထန်း လက်တဲမိုးအိမ်များမှ သွပ်မိုးနံကပ်အဆောက်အဦးများ ဆောက်လုပ်နေထိုင်မှုရှိလာပါသည်။

စက်မှုဥယျာဉ်နှင့်အနီးကပ်ဆုံးတည်ရှိသော နဝရတ်ရွာတွင် ယခင်အချိန်က ထန်းလက်မိုးအိမ် ၉၅% ရှိရာမှ ယခုအခါ သွပ်မိုးနံကပ်အဆောက်အဦးအများအပြားနှင့် သုံးထပ်တိုက်အဆင့်အထိ ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရှိရပါသည်။

(၂) ကျေးရွာအတွင်း ထော်လာဂျီယာဥ်နှင့် လိုက်ထရက်ယာဥ်များ ဝယ်ယူကြ၍ အုတ်၊ ထုံး၊ သဲ၊ ကျောက်သယ်ယူခြင်း၊ ခရီးသည်တင်ပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ရာ ထော်လာဂျီပိုင် မိသားစု အနေဖြင့် (၁) ရက်လျှင်ဝင်ငွေ သုံးသောင်းကျပ်မှ ခြောက်သောင်းကျပ်အထိ ရရှိနေပြီ။

(၃) စက်မှုဥယျာဉ်အတွင်း လမ်းဖောက်လုပ်ခြင်း၊ အဆောက်အဦးများ တည်ဆောက်ခြင်း ၊သစ်ပင်စိုက် ပျိုးခြင်း၊ မြက်စိုက်ပျိုးခြင်း အစရှိသည့် လုပ်ငန်းများအတွက် ကုမ္ပဏီလုပ်ငန်းရှင်များမှ ငှားရမ်း ဆောင်ရွက်သဖြင့် ဒေသခံနှင့်လုပ်ငန်းလုပ်ကိုင်သူများ ဦးရေ - ၂၃၀၀ ခန့် နေ့စဉ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေပါသည်။

(၄) ပတ်ဝန်းကျင်ရှိ ပညာတတ်လူငယ်များအတွက် MMID ကုမ္ပဏီရုံးနှင့် စက်မှုဥယျာဉ်အတွင်း ရောက်ရှိလာသော ကုမ္ပဏီများတို့မှ စီမံခန့်ခွဲရေးဝန်ထမ်းအဖြစ် ခန့်ထားမှုအရ လူငယ်ဦးရေ (၁၅၀) ဦးခန့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိပါသည်။

(၅) စက်မှုဥယျာဉ်နှင့် ဆီမီးခုံဆိပ်ကမ်းဆက်သွယ်သည့် PLR လမ်း (၁၁)မိုင်နှင့် စက်မှုဥယျာဉ်အတွင်း ပင်မလမ်းများဖောက်လုပ်ထားမှုအရ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေ ချောမွေ့လျက်ရှိပြီး ခရီးသည်တင်ဘတ်စ်ကားလိုင်းများ ပြေးဆွဲလျက်ရှိပါသည်။ ကုန်တင်ယာဉ်အများအပြားလည်းသွားလာမှုပိုမိုလွယ်ကူလျက် ကုန်စည်စီးဆင်းမှု အထူးအဆင်ပြေ၍ စီးပွားရေးအခွင့်အလမ်းများ တိုးတက်လျက်ရှိကြောင်း တွေ့မြင်ရပါသည်။



ငါးနှန်းကျေးရွာ တွဲဘက်အလက သို့ စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းနေစဉ် တွေ့မြင်ရပုံ



နဝရတ်ကျေးရွာ မီးလင်းရေးအတွက် သိန်း (၃၀၀) ကျပ် လှူဒါန်းထားရှိမှုအား တွေ့မြင်ရပုံ

ကုမ္ပဏီ၏ (CSR) အဖွဲ့မှ ဒေသခံပြည်သူများအတွက် အကျိုးပြုလုပ်ငန်းဆောင်ရွက်ချက်များ

အစီရင်ခံသည့်ကာလအတွင်း မြင်းခြံမြို့နယ်၊ ဆီမီးခုံဒေသနှင့် ငါန်းဇွန်မြို့နယ်၊ မြို့သာဒေသတို့တွင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အောက်ဖော်ပြပါ လူမှုရေး၊ ပညာရေး၊ သာသနာရေး၊ လမ်းဖောက်လုပ်ခြင်းနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးတို့အတွက် ကုမ္ပဏီ၏ (CSR) လူမှုတာဝန် ကျေပွန်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည် -

စဉ်	အကြောင်းအရာ	လုပ်ငန်းအတွက်ကုန်ကျငွေ
		(သို့မဟုတ်) ပံ့ပိုးလှူဒါန်းငွေ
၁။	ကွေ့ကြီးကျေးရွာ အလယ်တန်းကျောင်း ကျောင်းဆောင် သစ်ဆောက်လုပ်လှူဒါန်းခြင်း	၁၈,၀၀၀,၀၀၀/-
၂။	စက်မှုဥယျာဉ်ဓမ္မာရုံ တည်ဆောက်လှူဒါန်းခြင်း	၁၀၀,၀၀၀,၀၀၀/-
၃။	ငါန်းဇွန်မြို့နယ် တောင်အောက်ရွာအဝင် လမ်းဖောက်လုပ်ခြင်းနှင့် ရေကန်ပြုပြင်ခြင်း	၁၀,၈၀၀,၀၀၀/-
၄။	စက်မှုဥယျာဉ်အနီးရှိ လက်ပံကျင်းကျေးရွာ လမ်းဖောက်လုပ်ပေးခြင်း	၁၃,၁၇၂,၆၀၀/-
၅။	မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာစောင်ရေ (၃၀၀)အား တနှစ်စာလှူဒါန်း၍ ကျေးရွာများသို့ဖြန့်ဝေခြင်း	၅,၄၀၀,၀၀၀/-
၆။	ဆီမီးခုံဒေသ၊ မြစ်သာရွာဇာတိ အဘိဓမ္မာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်ရ ပခုက္ကူဆရာတော်ကြီး ဘဒ္ဒန္တဝိစာရအား ပူဇော်ပွဲကျင်းပခြင်းနှင့် ဝတ္ထုဒွေကပ်လှူခြင်း	၂၀,၀၀၀,၀၀၀/-
၇။	အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား (၁၀၀၀) ကျော်အား ပူဇော်ပွဲကျင်းပခြင်းနှင့် ငွေလှူဒါန်းခြင်း	၃၁,၇၀၀,၀၀၀/-
၈။	ဝါဆိုသင်္ကန်းကပ်လှူခြင်း	၃,၄၇၈,၀၅၀/-
၉။	စက်မှုဥယျာဉ်ထိပ်တွင် တည်ရှိသော နဝရတ်ကျေးရွာ မီးလင်းရေးအတွက် လှူဒါန်းငွေ	၃၀,၀၀၀,၀၀၀/-
၁၀။	မြို့သာမီးသတ်ယာဉ် အဆောက်အဦးဆောက်လုပ်ရေး လှူဒါန်းငွေ	၃,၅၀၀,၀၀၀/-
၁၁။	ခရိုင်ကိုယ်စားပြု သင်္ကြန်အလှပြယာဉ် အလှူငွေ	၅၀၀,၀၀၀/-
၁၂။	ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေ	၅၀,၀၀၀,၀၀၀/-
၁၃။	မန္တလေးမြို့ စတုပစ္စယာ အလှူငွေ	၂,၀၀၀,၀၀၀/-

ကုမ္ပဏီ၏ (CSR) အဖွဲ့မှ ဒေသခံပြည်သူများအတွက် အကျိုးပြုလုပ်ငန်းဆောင်ရွက်နေပုံ မှတ်တမ်းဓာတ်ပုံများ



အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရပုဏ္ဏားဆရာတော်ကြီး ဘဒ္ဒန္တဓိစာရမှ စက်မှုဥယျာဉ်ရုံး၌ အန္တရာယ်ကင်း
ပရိတ်တရားတော်များ ရွတ်ဖြင့်တော်မူနေစဉ် ဖူးမြော်တွေ့မြင်ရပုံ



မြို့သာမြို့မီးသတ်အဆောက်အဦးအတွက်
အလှူငွေပေးအပ်နေစဉ်တွေ့မြင်ရပုံ

စီမံကိန်းဇရိယာပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကျောင်းသားလူငယ်များ မန္တလေးမြို့အား/ကာ သိပ္ပံသို့
ရွေးချယ်ခံရသော ကျောင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်နေစဉ်တွေ့မြင်ရပုံ





စက်မှုဥယျာဉ်တွင်း MMID ကုမ္ပဏီမိသားစုမှ ဒုတိယအကြိမ် ကထိန်သင်္ကန်းကပ်လှူပွဲ ကျင်းပနေစဉ် တွေ့မြင်ရပုံ



စီမံကိန်းဇရိယာပတ် ဝန်းကျင် ကျေးရွာများရှိ အသက် (၇၅) နှစ် အထက် သက်ကြီး ဘိုးဘွား ၁၁၀၀ ကျော်တို့အား ပူဇော်ပွဲကျင်းပနေစဉ် တွေ့မြင်ရပုံ



မြင်းခြံမြို့နယ် ကွေကြီးကျေးရွာ အဝင်တံတားအား MMID ဥက္ကဋ္ဌဦးအောင်ဝင်းခိုင်မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးနေစဉ် တွေ့မြင်ရပုံ





စက်မှုဥယျာဉ်အတွင်း MMID ကုမ္ပဏီမိသားစုမှ ဒုတိယအကြိမ် ကထိန်သင်္ကန်း ကပ်လှူပွဲ ကျင်းပနေစဉ် တွေ့မြင်ရပုံ



စက်မှုဥယျာဉ်အနီးရှိ နဝရတ်ကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် လှူဒါန်းငွေ သိန်း(၃၀၀)အား လှူဒါန်းပေးအပ်စဉ် တွေ့မြင်ရပုံ



ဆီမီးခုံ(ဇရာဝတီ) ဆိပ်ကမ်းသို့ တိုင်းရင်းသားလေ့လာရေးအဖွဲ့များမှ လာရောက်လေ့လာစဉ် တွေ့မြင်ရပုံ



ဆီမီးခုံဆိပ်ကမ်း ဇရိယာရှိ ကျေးရွာများအား လျှပ်စစ်မီးလင်းရေးအတွက် လှူဒါန်းငွေ
သိန်းပေါင်း (၃၄၀၀)ကျော် ဖြင့်ဓိုက်ထူထားသော လျှပ်စစ်ဓါတ်အားလိုင်းအား တွေ့မြင်ရပုံ





စက်မှုဥယျာဉ်အနီးရှိ နဝရတ်ကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် လှူဒါန်းငွေ သိန်း(၃၀၀)အား
လှူဒါန်းပေးအပ်စဉ် တွေ့မြင်ရပုံ

FINANCIAL SECTION
b@ma&; u@

REPORT OF THE INDEPENDENT AUDITOR

To the Members of
Mandalay Myotha Industrial Development Public Company Ltd.

We have audited the accompanying financial statements of Mandalay Myotha Industrial Development Public Company Ltd, which comprise the balance sheet as at March 31, 2015 and the statement of income, statement of changes in equity and statement of cash flows for the year then ended and a summary of significant accounting policies and other explanatory notes.

Management's Responsibility for the Financial Statements

Management is responsible for the preparation and fair presentation of these financial statements in accordance with Myanmar Financial Reporting Standards and the provisions of the Myanmar Companies Act. This responsibility includes: devising and maintaining a system of internal accounting controls sufficient to provide a reasonable assurance that assets are safeguarded against loss from unauthorized use or disposition and transactions are properly authorized and that they are recorded as necessary to permit the preparation of true and fair financial statements and to maintain accountability of assets; selecting and applying appropriate accounting policies and making accounting estimates that are reasonable in the circumstances.

Auditor's Responsibility

Our responsibility is to express an opinion on these financial statements based on our audit. We conducted our audit in accordance with Myanmar Standards on Auditing. Those standards require that we comply with ethical requirements and plan and perform the audit to obtain reasonable assurance whether the financial statements are free from material misstatement.

An audit involves performing procedures to obtain audit evidence about the amounts and disclosures in the financial statements. The procedures selected depend on the auditor's judgment, including the assessment of the risks of material misstatement of the financial statements, whether due to fraud or error. In making those risk assessments, the auditor considers internal control relevant to the entity's preparation and fair presentation of the financial statements in order to design audit procedures that are appropriate in the circumstances, but not for the purpose of expressing an opinion on the effectiveness of the entity's internal control. An audit also includes evaluating the appropriateness of accounting policies used and the reasonableness of accounting estimates made by management, as well as evaluating the overall presentation of the financial statements.

We are also required to report, in accordance with Section 145 of the Myanmar Companies Act, to the members of the Company, on the accounts examined by us. We believe that the audit evidence we have obtained is sufficient and appropriate to provide a basis for our audit opinion.

Opinion

In our opinion,

(i) subject to the Letter to Management, the Company's financial statements are properly drawn up in conformity with the provisions of the Myanmar Companies Act and the Myanmar Financial Reporting Standards so as to give a true and fair view of the financial position of the Company as of March 31, 2015 and of its financial performance and its cash flows for the year then ended, according to the best of our information and explanations given to us and as shown by the books of the Company.

(ii) we have obtained all the information and explanations we have required; and

(iii) the books and records required by the Act to be kept by the Company have been maintained in accordance with Section 130 of the Myanmar Companies Act.



(HTUN AYE)
Certified Public Accountant
U Hla Tun & Associates Limited
Shwegon Plaza, 64(b), (1st floor)
Komin Kochin Road, Bahan Township,
Yangon.

Dated: December 7, 2015

MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.
STATEMENT OF CHANGES IN EQUITY
FOR THE YEAR ENDED MARCH 31, 2015

	2015 Kyat	2014 Kyat
SHARE CAPITAL		
Balance at April 1	130,308,470,000	500,000,000
Shares issued during the year	201,630,000	129,808,470,000
Balance at March 31	130,510,100,000	130,308,470,000
RETAINED EARNINGS		
Balance at April 1	-	-
Net Profit for the year	467,694,944	-
Dividend provision	(430,847,000)	-
Balance at March 31	36,847,944	-
TOTAL EQUITY	130,546,947,944	130,308,470,000

Authenticated by Directors;

.....
(U Aung Win Khaing)
Chairman

.....
(U Tun Tun Aung)
Managing Director

MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.
STATEMENT OF CASH FLOWS
FOR THE YEAR ENDED MARCH 31, 2015

		2015	2014
(A) Cash flows from operating activities		Kyat	Kyat
Net Profit before tax		623,593,259	-
Adjustment for :			
Depreciation		-	-
Gain on sale of Fixed Asset		-	-
Operating profit before working capital changes		623,593,259	-
Increase in trade and other receivables, etc		(5,935,532,190)	(202,100,678)
Increase in inventories		(1,040,178)	(250,578)
Increase in trade and other payables, etc		9,117,127,695	3,157,914,744
Cash generated from operations		3,804,148,586	2,955,563,488
Income taxes paid		-	-
Net cash from operating activities	(A)	3,804,148,586	2,955,563,488
(B) Cash flows from investing activities			
Purchase of property, plant and equipment		(3,490,460,425)	(5,410,073,728)
Construction In Progress		660,462,079	(127,024,957,521)
Preoperating Cost		1,348,789,817	(1,343,451,600)
Proceeds from sale of equipment, furniture, etc		-	-
Net cash provided (used) in investing activities	(B)	(1,481,208,529)	(133,778,482,849)
(C) Cash flows from financing activities			
Proceeds from issuance of share capital		201,630,000	129,808,470,000
Temporary Loan		(1,726,878)	546,689,547
Dividends paid		(358,838,000)	-
Net cash provided (used) in financing activities	(C)	(158,934,878)	130,355,159,547
Net Increase/(Decrease) in cash and cash equivalents	(A+B+C)	2,164,005,179	(467,759,814)
Cash and cash equivalents at beginning of period (April 1)		33,039,936	500,799,750
Cash and cash equivalents at end of period (March 31)		2,197,045,115	33,039,936

Authenticated by Directors;

.....
(U Aung Win Khaing)
Chairman

.....
(U Tun Tun Aung)
Managing Director

MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.
BALANCE SHEET AS AT MARCH 31, 2015

	2015	2014
ASSETS	**Kyat**	**Kyat**
Non Current Assets		
Construction In Progress	126,364,495,442	127,024,957,521
Preoperating Cost	71,662,033	1,420,451,850
Property, Plant & Equipment	8,900,534,153	5,410,073,728
Total Non-Current Assets	135,336,691,628	133,855,483,099
Current Assets		
Prepayments and Advances	429,075,000	73,697,840
Accounts Receivable	5,708,557,868	128,402,838
Inventory	1,290,756	250,578
Bank and Cash	2,197,045,115	33,039,936
Total Current Assets	8,335,968,739	235,391,192
Total Assets	143,672,660,367	134,090,874,291
EQUITY AND LIABILITIES		
Equity		
Issued and Paid Up Capital	130,510,100,000	130,308,470,000
Reserves and Retained Earnings		
Capital Reserves	-	-
General Reserves	-	-
Retained Earnings	36,847,944	-
Total Equity	130,546,947,944	130,308,470,000
Current Liabilities		
Temporary Loan	544,962,669	546,689,547
Advance Received	10,048,345	2,504,923,369
Taxes Payable	155,898,315	-
Accounts Payable	11,121,282,777	680,766,670
Accrued Expenses	1,221,511,317	50,024,705
Dividend Payable	72,009,000	-
Total Current Liabilities	13,125,712,423	3,782,404,291
Equity and Liabilities	143,672,660,367	134,090,874,291

Authenticated by Directors;


.....
(U Aung Win Khaing)
Chairman

.....
(U Tun Tun Aung)
Managing Director

MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.
STATEMENT OF INCOME
FOR THE YEAR ENDED MARCH 31, 2015


	2015	2014
	Kyat	Kyat
Sales Proceeds	18,702,466,461	-
Less: Cost of Sales	(16,395,993,649)	-
GROSS PROFIT	**2,306,472,812**	-
Other Income	175,224,798	-
TOTAL OPERATING INCOME	**2,481,697,610**	-
Administration Expenses, etc.	(1,488,933,602)	-
Depreciation	-	-
Consultant Fees	(295,232,049)	-
2% Commission Fees	(73,938,700)	-
NET PROFIT BEFORE TAX	**623,593,259**	-
Provision for Income Tax	(155,898,315)	-
NET PROFIT AFTER TAX	**467,694,944**	-

Authenticated by Directors;



.....

(U Aung Win Khaing)
Chairman



.....

(U Tun Tun Aung)
Managing Director

MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC COMPANY LIMITED
STATEMENT OF THE DIRECTORS

We, U Aung Win Khaing and U Tun Tun Aung, being two Directors of the **"MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC COMPANY LIMITED",** do hereby state that, in the opinion of the Directors, the accompanying Financial Statements made up to March 31, 2015 and Notes are drawn up so as to give a true and fair view of the state of affairs of the Company, and of the results of the Company for the year ended on the date of this statement.

At the date of this statement, there are reasonable grounds to believe that the Company will be able to pay its debts as and when they fall due and all accounts receivable are good and recoverable.

On behalf of the Board,

.....	.....
(U Aung Win Khaing)	**(U Tun Tun Aung)**
Chairman	**Managing Director**



MANDALAY MYOTHA

INDUSTRIAL DEVELOPMENT PUBLIC CO.,LTD.

No.514/8, 26th Street, Between 58th & 60th Street, Aung Myae Thar Zan Township, Mandalay, Myanmar.

Tel : + 95 - 2 - 65958, 82150

Fax : + 95 - 2 - 73088

Email : info@mmidproject.com

www . mmidproject.com

MMID Information Center I

No.A(1-2),62nd Street,Industrial Zone (1), Mandalay.

Tel : +95 2 82150

Fax : +95 2 82151

MIP Main Entrance

Highway #18, Approximately 7 miles West of Myotha.

Latitude : 21.696251, Longitude: 95.629063

MMID Information Center II

Myotha Industrial Park, Myotha, Near Main Entrance

Latitude : 21.698012, Longitude: 95.626925